ပြည်ထောင်စုလွှတ်တော်ရုံးက ၂၄-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

## နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဇယား

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်/<br>လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် |
|---|---|---|---|
| ၁ | ၂။(က) မြန်မာ့တိုင်းရင်းဆေးပညာ ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက် ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး အသီးသီး၏ ရိုးရာ တိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာ ရောဂါဘယ ကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အားလုံးတွင် ပါဝင် ဆောင်ရွက်နိုင်သည့် ပညာရပ်ကိုဆိုသည်။ | ဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါ "မြန်မာ့တိုင်းရင်းဆေးပညာ"ဆိုသည့် စကားရပ်အစား "တိုင်းရင်းဆေးပညာ" ဆိုသည့် စကားရပ်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်းပါ ဖော်ပြချက်များတွင် "တိုင်းရင်းဆေးပညာ" ဆိုသည့် စကားရပ်ကိုသာ သုံးနှုန်းထားသောကြောင့် ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |
| ၂ | ၄၇။ ကောင်စီသည် xxxxxx ရုပ်သိမ်းခြင်းပြုနိုင်သည်-<br>(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊ | ဥပဒေကြမ်း၏ အပိုဒ် ၄၇၊ အပိုဒ်ခွဲ (က)ကို အောက်ပါအတိုင်း ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်-<br>"၄၇။ ကောင်စီသည် xxxxxx ရုပ်သိမ်းခြင်းပြုနိုင်သည်-<br>(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊<br>**ခြွင်းချက်**။ ပုဒ်မ ၄၄ အရ ကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိသည့် တိုင်းရင်းဆေးဆရာများနှင့် မသက်ဆိုင်စေရ။"<br>တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် မရှိသော ကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိထားသူသည် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရသည့် အခြေအနေ ပေါ်ပေါက်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်/<br>လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် |
|---|---|---|---|
| ၃ | ၃၇။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကောင်စီသို့ လျှောက်ထားရမည်။<br>၃၈။ ကောင်စီသည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့်အခြား သတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။<br>၃၉။ နိုင်ငံခြားသား တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။<br>၄၀။ ကောင်စီသည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးပြီး အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့်အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၁။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် အထူးဆေးကုသခွင့်လိုင်စင်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။<br>၄၂။ ကောင်စီသည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်မှု | ဥပဒေကြမ်း၏ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ နှင့် အပိုဒ် ၄၇ ခြေဆင်းနှင့် အပိုဒ်ခွဲ (စ)တို့ပါ "ကောင်စီ" ဆိုသည့် စကားရပ်ကို "အလုပ်အမှုဆောင်အဖွဲ့" ဟု ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေကြမ်း၏ အပိုဒ် ၅၄ ပါ ဖော်ပြချက်နှင့်ညီညွတ်စေရန် ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်း၏ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ်၄၄၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ ၏ ခြေဆင်းနှင့် အပိုဒ်ခွဲ (စ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>"၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကိုစိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့်အခြား သတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးပြီး အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့်အခြားသတ်မှတ်ထားသောအခကြေးငွေများပေးသွင်းစေပြီး အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်/<br>လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် |
|---|---|---|---|
| | မရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့်အခြား သတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထူးဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၃။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့်လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။<br>၄၄။ ကောင်စီသည် ပုဒ်မ ၄၃ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့် ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၅။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလ အတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင် ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။<br>၄၆။ ကောင်စီသည် ပုဒ်မ ၄၅ အရ ဆေးကုသခွင့် | | လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။<br>၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၅ အရ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များ နှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။<br>၄၇။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာတစ်ဦးဦးတွင် အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့် အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -<br>(စ) သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက်ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊” |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏<br>အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏<br>သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်/<br>လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် |
|---|---|---|---|
| | လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။<br>၄၇။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာတစ်ဦးဦးတွင် အောက်ပါအချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -<br>( စ ) ကောင်စီက သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ရန် ပျက်ကွက်ခြင်း၊ | | |
| ၄ | ၅၇။ နိုင်ငံခြားသားတစ်ဦးဦးသည် ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ မြန်မာ့တိုင်းရင်းဆေးပညာဖြစ်စေ၊ နိုင်ငံတကာတိုင်းရင်းဆေးပညာဖြစ်စေ အသုံးပြု၍ ဆေးကုသခြင်းမပြုရ။<br><br>၆၁။ ဆေးကုသခွင့်လိုင်စင်မရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။<br>၆၂။ ဆေးကုသခွင့်လိုင်စင်မရှိသူ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို | ဥပဒေကြမ်း၏ အပိုဒ် ၅၇ ပါ “နိုင်ငံခြားသားတစ်ဦးဦးသည်” ဆိုသည့် စကားရပ်အစား “မည်သည့်နိုင်ငံခြားသားမျှ” ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေရေးထုံး မှန်ကန်စေရန် ဖြစ်ပါသည်။<br>ဥပဒေကြမ်း၏ အပိုဒ် ၆၁ ပါ “ဆေးကုသခွင့်လိုင်စင် မရှိသူမည်သူမဆို” ဆိုသည့် စကားရပ်အစား “မည်သူမဆို” ဟုလည်းကောင်း၊ အပိုဒ် ၆၂ ပါ “ဆေးကုသခွင့်လိုင်စင် မရှိသူ မည်သည့်နိုင်ငံခြားသားမဆို” ဆိုသည့် စကားရပ်အစား “မည်သည့်နိုင်ငံခြားသားမဆို” ဟုလည်းကောင်း ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဥပဒေရေးထုံး မှန်ကန်စေရန် ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း။ |

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်/ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် |
|---|---|---|---|
| | တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။<br>၆၄။ ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်ထိဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၆၄ ပါ “ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို” ဆိုသည့် စကားရပ်ကို “မည်သူမဆို” ဟု ဖော်ပြသင့်ပါသည်။ ဆေးကုသခွင့် လိုင်စင်မရရှိသူ (မရရှိသေးသူ) က တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်လျှင် အကျုံးမဝင်သည့်သဘော သက်ရောက်နေသောကြောင့် ဖြစ်ပါသည်။ | |
| ၅ | ၆၅။ ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ လျှောက်ထားရမည်။ | ဥပဒေကြမ်း၏ အပိုဒ် ၆၅ တွင် “ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ လျှောက်ထား ရမည်” ဟူသော ဖော်ပြချက်အား ပြန်လည်စိစစ်ရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်ကျော်လွန်သည့်အခါ လိုင်စင်လျှောက်ထားခွင့် မရှိသည့်သဘော သက်ရောက်နေသောကြောင့်ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>“၆၅။ ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစတင်၍ ဤဥပဒေနှင့်အညီ လျှောက်ထားရမည်။” |
| ၆ | ၁၅။(စ) တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်း၊<br>၃၁။(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ အရည်အချင်း ပြည့်မီသူ။ | ဥပဒေကြမ်း၏ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (စ)ပါ “တိုင်းရင်း ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်း” နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ (ဂ) ပါ “ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ အရည်အချင်းပြည့်မီသူ” ဆိုသည့် ဖော်ပြချက်များကိုလည်း ပြန်လည်သုံးသပ်သင့်ပါသည်။ တိုင်းရင်းဆေးဆရာ အရည်အချင်း သတ်မှတ်ချက် တိတိကျကျပါဝင်မှုမရှိသောကြောင့် ဖြစ်ပါသည်။ | **ဥပဒေကြမ်းပူးပေါင်းကော်မတီ**<br>ဥပဒေကြမ်း၏ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (စ) နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ (ဂ)တို့ကို ပယ်ဖျက်သင့်ပါသည်။<br>**ဦးစိုးစံသက်ထွန်း၊ မြင်းမူမဲဆန္ဒနယ်**<br>ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အတိုင်း။ |